ဘာသာပြန် စာရေးဆရာ - Hein Htet

AlPha Translation Group

# ကောင်းကင်ဘုံသို့ စစ်ပြိုင်ခြင်း

(ရှောင်ယန်)

(Chapter 257 - 271)

စာစဉ် - ၁၈

# အပိုင်း (၂၅၇)
# ထူးခြားဆန်းကြယ်သည့်အစိမ်းဝတ်မိန်းမပျို

အနက်ဝတ်လူက အရည်ပျော်ကျလာသည့် အဖြူရောင် ရေခဲအလွှာကို စိတ်မဝင်စားစွာ ကြည့်နေ၏။ သူက ခေါင်းကို ဖြည်းညင်းစွာ မော့ကြည့်လိုက်ပြီး အနက်ရောင်ဝါးခမောက်ထဲမှ ငြိမ်သက် လွန်းလှသည့် ခန်းမကြီးကို လှမ်းကြည့်လိုက်သည် ။ သူ့မြင်ကွင်းကို အနက်ရောင် အဝတ်တစ်ခုက ကာကွယ်နေသော်လည်း သူ့အကြည့်နှင့် ဆုံလိုက်မိသူတိုင်း မျက်စိပျက် မျက်နှာပျက်နှင့် အကြည့်လွှဲ သွားကြ၏။ သူတို့ က အနက်ဝတ်လူကို လုံးဝဆက်မကြည့်ရဲပေ။

နာလန်ရန်ယန်းက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်၏။ သူမက တဖြည်းဖြည်း ပျော်ကျသွားသည့် ရေခဲကို စိုက်ကြည့်ပြီး မျက်နှာကလည်း အနည်းငယ်ဖြူဖျော့သွား၏။ သူမ၏ ချစ်စရာ ကောင်းသည့် ခန္ဓာကိုယ်လေးက အနည်းငယ်လှုပ်ခါနေပေသည် ။ လွန်ခဲ့သည့် တစ်နာရီခန့်ကမှ ရည်မှန်းချက်ကြီးထားနေသည့် မိုကလန်ပထမအကြီးအကဲကယခုတော့ သူမ၏ ရှေ့တွင် အလောင်းပင် မရှိတော့ချေ။ ထိုကဲ့သို့ ကြောက်စရာကောင်းသည့် မြင်ကွင်းကြောင့် လူတွေအားလုံးလည်း ယုံဖို့ ပင် ခက်ခဲနေကြ၏။

နာလန်ရန်ယန်းက အေးစက်သည့်လေကို တဝကြီးရှူရှိုက်လိုက်ပြီး

သူမ၏ ရင်ထဲမှ မတည်ငြိမ်မှု များကို ဖြည်းဖြည်းချင်း တည်ငြိမ်အောင် ကြိုးစားလိုက်၏။ မည်သို့ပင်ဖြစ်စေကာမူ ထိုမိန်းကလေးက သုံးနှစ်ကြာလေ့ကျင့်ပြီးသည့်နောက် နုနုနယ်နယ် ကောင်မလေးတစ်ယောက် မဟုတ်တော့ပေ။ သူမ၏ လှပသည့်မျက်နှာလေးပေါ်ရှိ ဖြူဖျော့သည့် အမူအရာများ လည်း တဖြည်းဖြည်း ပျောက်ကွယ်သွား၏။ သူမ၏ လှပသည့် မျက်လုံးလေးများက အနက်ဝတ်လူကိုစိုက်ကြည့်ပြီး ပြောလိုက်၏။

"ရှင်က ဘယ်သူပဲဖြစ်ဖြစ် ရှင်နဲ့ တိမ်မြူဂိုဏ်းရဲ့ ကြားထဲမှာ ရန်မီးက စမိသွားပြီ။ မိုချန်းအတွက် တိမ်မြူဂိုဏ်းက ဒိုဟွမ်တစ်ယောက်နဲ့ ပြဿနာဖြစ်တာ မဟုတ်ဘူး ။ ဒါပေမဲ့ တိမ်မြူဂိုဏ်းရဲ့ ဂုဏ်သိက္ခာ က ပိုပြီးတန်ဖိုးရှိတယ်..."

"ဒီနေ့ ရှင်က အရှေ့မြောက်ပိုင်းနယ်မြေ ခေါင်းဆောင်များ စွာရဲ့ ရှေ့မှာ မိုချန်းကိုသတ်ခဲ့တယ်။ တကယ်လို့ ကျွန်မတို့ တိမ်မြူဂိုဏ်းက အဲဒါကို ဘာမှ မလုပ်ဘူးဆိုရရင် တိမ်မြူဂိုဏ်းကို မှီခိုနေတဲ့ အဖွဲ့ တွေက စိတ်ပျက်သွားကြလိမ့်မယ်..."

အနက်ဝတ်လူက ဖိအားများ ပျောက်ကွယ်သွားသည့် နာလန်ရန်ယန်းကို တိတ်တဆိတ်ကြည့် လိုက်၏။ ခဏကြာသည့်နောက် သူက ခေါင်းခါပြီး ပျော့ပျောင်းစွာပြောလိုက်၏။

"မင်းတို့ တိမ်မြူဂိုဏ်းနဲ့ ငါက အနေးနဲ့ အမြန် ပြဿနာတက်မှာ ပဲ။ တကယ်လို့ ငါက ဒီနေ့ မိုချန်းကိုမသတ်ရင်တောင် ငါက နောက်ပိုင်းမှာ တိမ်မြူဂိုဏ်းကို လာရမှာ ပဲ။ အဲဒီအချိန်ရောက်ရင် ငါတို့ ရဲ့ အငြိုးအတေးတွေက ပိုပြီးပြင်းထန်လိမ့်မယ်။ ဒါကြောင့် မင်းစကားတွေက ငါ့အတွက် အသုံး မဝင်ဘူး..."

"ရှင်က ဘယ်သူလဲ..."

အနက်ဝတ်လူ၏ စကားကိုကြားလိုက်ရသည့်အခါ နာလန်ရန်ယန်းက မျက်ခုံးပင့်ပြီး အော်လိုက် ၏။

"မင်း တစ်ချိန်ချိန်ကျရင် သိမှာ ပါ..."

အနက်ဝတ်လူက သာမန်လေသံနှင့် ပြန်ဖြေလိုက်၏။ ထို့နောက် သူက နာလန်ရန်ယန်းကို လျစ်လျူရှုလိုက်ပြီး မျက်နှာပျက်နေသည့် မိုကလန်အဖွဲ့သားများ ဆီသို့ လျှောက်သွားလိုက်၏။

"လူပေးပါ..."

အနက်ဝတ်လူက မိုလန်နှင့် ၂ မီတာအကွာတွင် ရပ်လိုက်ပြီး အေးစက်စွာပြောလိုက်၏။ သူ့အသံထဲတွင် သတ်ဖြတ်ချင်စိတ်များ ပျောက်ကွယ်သွားခြင်းမရှိသေးသည့်အတွက် မိုလန်၏ ရင်ထဲတွင် အနည်းငယ်တုန်လှုပ်သွား၏။ အကယ်၍ သူတို့ သာ အချိန်ဆွဲနေမည်ဆိုလျှင် နောက်ထပ် ရေခဲရုပ်တုဖြစ်သွားမည့်လူများက သူတို့ သာဖြစ်သွားနိုင်ပေသည် ။

"ဆရာကြီး... အဲဒီကောင်မလေးက ဒီကိုချက်ချင်းရောက်လာပါလိမ့်မယ်..."

မိုလန်က တုန်ယင်စွာပြန်ဖြေလိုက်၏။ သူ၏ ခြေလှမ်းများက ယိုင်ထိုးနေပြီး နောက်နှစ်လှမ်း ဆုတ်လိုက်၏။

ထိုအခါကျမှ စိတ်သက်သာရာရသွားပေသည် ။

"၅ မိနစ်..."

အနက်ဝတ်လူက မိုလန် ပြန်ဆုတ်ခွာသွားသည် ကို မသိချင်ယောင်ဆောင်နေလိုက်၏။ သူက ထိုစကားများကို အေးစက်စွာပြောလိုက်ပြီး ခန်းမထဲတွင် သစ်သားတိုင်ကြီးတစ်ခုကဲ့သို့ ရပ်နေ၏။

ထိုစကားများကို ကြားသည့်အခါ မိုလန်လည်း ရှုံ့မဲ့သွား၏။ ထို့နောက် သူက မိုကလန်အဖွဲ့ သားများကို လက်ဖှေ့ယမ်းပြလိုက်ပြီး စိုးရိမ်ပူပန်နေတဲ့ မျက်နှာနဲ့ မြန်မြန်လုပ်ဖို့ ပြောလိုက်၏ ...။

ကျယ်ဝန်းလှသည့် ခန်းမကြီးထဲရှိ တိုင်လုံးကြီးများ ပေါ်ရှိ ပွဲတော်သင်္ကေတ အနီရောင် စက္ကူများကတော့ ပျံဝဲနေဆဲပါပေ။

သို့သော်... ထိုအချိန်တွင် ထိုအနီရောင်အရာများကြောင့် ခန်းမထဲရှိ လူများအားလုံး ခါးသီးစွာ ပြုံးလိုက်မိကြ၏။ မိုကလန်၏ ပျော်ပွဲရွှင်ပွဲကျင်းပသည့်အရာက ဒေါသဖြစ်စရာ အဖြစ်အပျက်တစ်ခု အဖြစ်ပြောင်းသွားခဲ့ချေပြီ။

လူများ စွာက ခန်းမကြီးထဲတွင် လှည့်ကြည့်လိုက်ရင်း ခန်းမအလယ်တွင် ရှိနေသည့် အနက်ဝတ် လူကို တွေ့လိုက်ရသည့်အခါ သူတို့ ၏ ရင်ထဲတွင် အတော်တုန်လှုပ်သွား၏။ သူတို့ ကို ဖိနှိပ်ထားခဲ့သည့် မိုကလန်ပထမအကြီးအကဲက ပိုပြီး ကြောက်စရာကောင်းသည့် လူတစ်ယောက်၏ လက်ထဲတွင် တော့ အစွယ်မရှိတော့သည့် ကျားတစ်ကောင် ဖြစ်သွားခဲ့သည် ။ အကယ်၍ ထိုလူက ဒူးထောက်စေလိုလျှင် သူက ဒူးထောက်ရ၏။ ပထမအကြီးအကဲတွင် ခုခံနိုင်စွမ်းမရှိချေ။

ထိုကဲ့သို့သော အစွမ်းထက်ပုဂ္ဂိုလ်မျိုးက သူတို့ ၏ အဆင့်အတန်းဖြင့် ထိတွေ့သင့်သည့် လူမျိုး မဟုတ်ပေ။

လက်ရှိ သူတို့ ၏ ရင်ထဲတွင် တော့... မိုချန်းက ဂျာမားနိုင်ငံတော်၏ ထိပ်ဆုံးတွင် ရပ်တည်နေ သည့် ဤအစွမ်းထက်လူတစ်ယောက်ကို ရန်စခဲ့ပြီး အသတ်ခံခဲ့ရသည့်အတွက် စုတ်သပ်နေရုံမှ အပါး ဘာမှ မလုပ်နိုင်ပေ...။

ခန်းမထဲရှိ လူများ ၏ ခေါင်းတွေက ချာချာလည်နေပေမဲ့ မည်သည့်

အသံမှ မထွက်ရဲကြပေ။ ခန်းမကြီးထဲတွင် ကြုံခဲ့ရသည့် ထူးဆန်းသည့် မြင်ကွင်းတွေကြောင့် ခြိမ်းခြောက်ခံရသလို အနေ အထားမျိုးပင် ဖြစ်နေပေ၏။

နေရာမှာ ရပ်နေရင်း အနက်ဝတ်လူက အနည်းငယ် ငုံ့စောင်းကြည့်လိုက်၏။ သူ၏ ခမောက် အတွင်းသို့ အလင်းဖြတ်လာသည့်အချိန်တွင် သူက ခေါင်မိုးပေါ်ရှိ အနက်ရောင်အရိပ်ကို လှမ်းကြည့် လိုက်သည် ။ သူက အကုန်လုံးအဆင်ပြေသည့်အကြောင်း ခေါင်းညိတ်အချက်ပြလိုက်၏ ။

ဟိုက်ပိုဒန်က အမိုးပေါ်တွင် ရပ်နေရင်း မျက်နှာကိုဖုံးကွယ်ထားသည့် အနက်ဝတ်လူ၏ အကြည့် ကို အာရုံခံမိပေသည် ။ သူက ခဏကြာ တွေဝေသွားပြီး ခေါင်းညိတ်လိုက်၏။

သို့သော်... သူခေါင်းညိတ်လိုက်သည့်အချိန်တွင် အနက်ဝတ်အင်္ကျီ အောက်ရှိ အိုစာနေသည့် မျက်နှာပေါ်တွင် မသေချာမှုများ ပေါ် လာလေ၏။ အဘယ်ကြောင့် ဆိုသော် သိပ်မကြာခင်လေးက အောက်ဘက်ရှိ ခန်းမထဲမှ ပုန်းကွယ်နေသည့် ချီစွမ်းအင်တစ်ခုကို သူဖျော့တော့စွာ အာရုံခံလိုက်မိ၏။

သို့သော်... ထိုခံစားမှုက အလွန်အမင်းကို ဝေဝါးလွန်းပါသည် ။ ဝေဝါးလွန်းသည့်အတွက် ဟိုက်ပို ဒန်ပင် အဖြေထုတ်နိုင်ခြင်းမရှိချေ။

အနက်ဝတ်လူက ဟိုက်ပိုဒန်၏ မျက်နှာအောက်က အမူအရာကို မမြင်လိုက်ရချေ။ သူက မိနစ် အနည်းငယ်ခန့် တိတ်ဆိတ်စွာစောင့်နေပြီးသည့်နောက် သူ့လက်ပေါ်ရှိ အနက်ရောင်လက်စွပ်လေးက ရုတ်တရက် လှုပ်ခါလာ၏။

လက်စွပ်၏ တုန်ခါမှုက သေးငယ်သော်လည်း အနက်ဝတ်လူက

တော့ သတိထားမိပေသည် ။ သူက ချက်ချင်းအံ့ဩသွားသည့်အမူအရာနှင့် တိုးတိုးလေးမေးလိုက်၏။

"ဆရာ... ဘာဖြစ်လို့ လဲ..."

"သေချာဂရုစိုက်ပါ... ဘာကြောင့်မှန်းမသိဘဲ ငါက ရင်းနှီးတဲ့ အငွေ့အသက်တစ်ခုကို ရနေ တယ်..."

ရွှဲ့လော်၏ အိုစာနေသည့်အသံက မသေချာသလိုပေါ်လာ၏။

"ဟင်... အဲဒါဘာကိုဆိုလိုတာလဲ..."

သူ့စကားကို ကြားလိုက်ရသည့်အခါ ရှောင်ယန်လည်း ခဏတာ ကြောင်သွားပြီး...။

"ရင်းနှီးတဲ့ အငွေ့အသက်တစ်ခုလား..."

"မင်းက ငါ့ရဲ့ စိတ်အာရုံသိစိတ်ကို ငှားပြီးသုံးလိုက်တဲ့ အချိန်မှာ အဲဒီအငွေ့အသက်က လှုပ်ရှားမှု တွေကို ဖုံးကွယ်ထားတယ်။ အဲဒီလိုမှ မဟုတ်ရင် ငါတောင်မှ ရှာမတွေ့တာလား..."

ရွှဲ့လော်က လေးနက်စွာပြောလိုက်၏။

"ပြီးတော့ ဒီအငွေ့အသက်ကို ငါရင်းနှီးသလို ခံစားမိနေတယ်။ ကြည့်ရတာ အရင်တုန်းက ငါနဲ့ ဆက်ဆံခဲ့ဖူးတဲ့ သူတစ်ယောက်ယောက်ဖြစ်လိမ့်မယ်..."

ရွှဲ့လော်၏ စကားကြောင့် ရှောင်ယန်၏ ရင်ထဲတွင် လှုပ်ခါသွားပြီး အနက်ရောင်ဝတ်စုံအောက်ရှိ မျက်နှာပေါ်တွင် လည်း ထိတ်လန့်မှုအချို့ပေါ်လာ၏။ အရင်တုန်းက ရွှဲ့လော်၏ အစွမ်း မည်မျှရှိခဲ့သည် ကို သူလုံးဝမသိခဲ့ချေ။

သို့သော်... အရင်တုန်းက ရွှဲ့လော်က ဒိုချီကုန်းမြေကြီး၏ ထိပ်ဆုံးတွင် ရပ်တည်နေသည့် လူ တစ်ယောက်ဖြစ်နိုင်ပေသည် ။ ထိုအချိန်က ရွှဲ့လော်နှင့်ပတ်သက်ခဲ့ဖူးသည့် ထိုသူ၏ စွမ်းအားက လျှော့တွက်၍ တော့မရပေ။

"အရင်တုန်းကဆိုရင် ငါက ဂျာမားနိုင်ငံတော်ထဲက အစွမ်းထက်ပုဂ္ဂိုလ်တွေနဲ့ တွေ့ခဲ့တယ်။ ဒါကြောင့် ဒီအမည်မသိလူက ဒိုချီကုန်းမြေကြီးထဲမှာ လှည့်လည်သွားလာနေတဲ့ အစွမ်းထက် လူ တစ်ယောက်ဖြစ်လိမ့်မယ်။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိဘူး။ သူက ဂျာမားနိုင်ငံတော်ကို လာပြီး မိုကလန် ထဲမှာ နေနေတယ်။ သူကဘာလဲ..."

ရွှဲ့လော်က စဉ်းစားလိုက်၏။

"သူ့ရဲ့ စွမ်းအားက ဘယ်လိုရှိလဲ..."

ရှောင်ယန်က မျက်မှောင်ကြုတ်လိုက်ပြီး အရေးပါဆုံးမေးခွန်းတစ်ခုကိုမေးလိုက်၏။

"ငါလည်း သေချာမသိဘူး။ အခုငါက သူ့ကို ဝေဝေဝါးဝါးပဲ အာရုံခံမိတာ။ သူဘယ်သူလဲဆိုတာ ကိုတောင် ငါအာရုံမခံမိဘူး..."

ရွှဲ့လော်က ခေါင်းကိုက်နေတဲ့ ပုံစံနဲ့ ပြန်ဖြေလိုက်၏။

"ဘယ်လိုပဲဖြစ်ဖြစ် သေချာဂရုစိုက်ပါ။ ချင်းလင်ပေါ်လာတာနဲ့ သူ့ကိုခေါ်ပြီး မြန်မြန်သွားကြ မယ်..."

"ကောင်းပါပြီ..."

ရှောင်ယန်က လေးနက်စွာ ခေါင်းညိတ်ပြလိုက်၏။

သူ့မျက်လုံးတွေက ခန်းမတစ်ခုလုံးကို ဖွေ့ကြည့်လိုက်သည် ။

သို့သော် သူလည်း မည်သည့်အရာမှ မတွေ့ခဲ့ရပေ။ ချက်ချင်းပဲ သူ့ရင်ထဲတွင် သတိဝင်လာ၏။

၅ မိနစ်ခန့် ကုန်သွားပေပြီ။ နောက်ဆုံးသတ်မှတ်ချိန်တွင် ပေါ်လာသည့်လူကြောင့် မိုလန်လည်း စိတ်သက်သာရာရသွား၏။

ခန်းမထဲသို့ လူအနည်းငယ်ပြေးဝင်လာ၏။

မိုကလန်အဖွဲ့သား သုံးယောက်၏ ကျောပေါ်တွင် အစိမ်းရောင်ဝတ်စုံတစ်ခုကို ဝတ်ဆင်ထား သည့် မိန်းကလေးတစ်ယောက်က စိမ်းနေသည့်ပတ်ဝန်းကျင်ကိုကြည့်ပြီး ထိတ်လန့်နေ၏။ ခန်းမကြီး ထဲရှိ လူပေါင်းများ စွာက ဤသနားစရာကောင်းသည့် မိန်းကလေးကို စိုက်ကြည့်နေကြပြီး အံ့သြ မှ င်တက်နေကြ၏။ ဒိုဟွမ်တစ်ယောက်က အတော်လေးလှပသည့် မိန်းကလေးတစ်ယောက်အတွက် တိုက်ခိုက်ခဲ့မည်ဟု ထင်မထားခဲ့ပေ။ အတော်လေးပိန်နေရုံမှ လွဲ၍ အခြားကြီးကြီးမားမား ထိခိုက်ဒဏ်ရာ မရှိသည့် ချင်းလင်ကိုကြည့်ပြီး ရှောင်ယန်လည်း သက်ပြင်းချလိုက်၏။ သူ၏ ကျစ်ကျစ်ပါအောင် ဆုပ်နေသည့် လက်သီးကလည်း ပြေလျော့သွား၏။

"ဆရာကြီး... ဒါက ပထမအကြီးအကဲ ကျောက်နက်မြို့ကနေခေါ်လာခဲ့တဲ့ မိန်းကလေးပါပဲ။ ဒီအချိန်အတွင်းမှာ ကျွန်တော်တို့ က သူမကို ထိခိုက်အောင် ဘာမှ မလုပ်ခဲ့ပါဘူး..."

မိုလန်က ချင်းလင်ကို ဂရုတစိုက်သယ်သွားပြီး ရှောင်ယန်ဆီကို လျှောက်သွား၏။

လက်ရှိ ချင်းလင်က ရှောင်ယန်ကို မမှတ်မိပေ။

ထို့ကြောင့် မိုလန်က သူမကိုသယ်ပြီး အနက်ဝတ်လူဆီကို သွားနေ

သည့်အချိန်တွင် သူမ၏ မျက်နှာလေးပေါ်တွင် စိုးရိမ်မှုများ ပေါ်လာ၏။ သူမက ခဏကြာရုန်းကန်နေပေမဲ့ မိုလန်၏ လက်ကို လှုပ်ရှားသွားအောင်ပင် မလုပ်နိုင်ပေ။

သူ့ဆီကိုသယ်ဆောင်လာသည့် ချင်းလင်ကိုကြည့်ပြီး ရှောင်ယန်လည်း စိတ်သက်သာရာ ရသွား၏။ သူက လက်ဆန့်ထုတ်ပြီး ချင်းလင်ကို လက်ခံတော့မည့်အချိန်တွင် ... တိတ်ဆိတ်နေသည့် ခန်းမထဲ၌ ပြောင်းလဲမှုတစ်ခုဖြစ်လာ၏။

"ဝုန်း..."

ရှောင်ယန် လက်ဆန့်လိုက်သည့်အချိန်တွင် သူ့ဘေးမှ ကျယ်လောင်သည့် အသံတစ်ခုဖြစ်ပေါ် လာ၏။ ချက်ချင်း မာကျောသည့်မြေပြင်က ပေါက်ကွဲသွား၏။ မြေအောက်ထဲမှ အစိမ်းရောင် သစ်ကိုင်းများ ထွက်ပေါ်လာသည် ။ ထို့နောက် သူတို့ က ရောယှက်သွားပြီး သစ်သားလှောင်အိမ်တစ်ခု ဖွဲ့စည်းကာ ရှောင်ယန်ကို ချုပ်နှောင်လိုက်၏။ ရုတ်တရက် ပြောင်းလဲသွားသည့်အရာကြောင့် နာလန်ရန် ယန်းအပါအဝင် ခန်းမထဲရှိ လူများအားလုံး ကြောင်သွားကြ၏။ သူတို့ က ဒိုဟွမ်ကို အရင်ဆုံး တိုက်ခိုက်ရဲ သည့်လူတစ်ယောက် ပေါ်လာမည်ဟု ထင်မထားခဲ့ပေ။

အကုန်လုံးကြောင်နေသည့်အချိန်တွင် အစိမ်းရောင်လူတစ်ယောက်က ခန်းမထဲရှိ တိုင်ကြီး တစ်လုံး၏ ဘေးတွင် အစေခံတစ်ယောက်ကဲ့သို့ ရပ်နေ၏။ အစိမ်းဝတ်လူ၏ အရှိန်က အလွန်အမင်းကို ကြောက်စရာကောင်းလောက်အောင် မြန်ဆန်ပေသည် ။ မျက်စိတစ်မှိတ်အတွင်း သူမက ကြောင်နေသည့် မိုရန်၏ ရှေ့သို့ရောက် လာပြီး သူ့ရင်ဘတ်ထဲရှိ ချင်းလင်ကို လှမ်းဆွဲလိုက်၏။

"မင်းကထွက်ပြေးချင်တာလား..."

အစိမ်းဝတ်လူက ချင်းလင်ကို ကိုင်လိုက်၏။ သူမ၏ ခြေဖျားနှင့် မြေပြင်ကိုထောက်လိုက်ပြီး အပြင်ကိုထွက်လိုက်၏။

သို့သော် သစ်သားလှောင်ချိုင့်ထဲမှ အဖြူရောင်မီးတောက်တစ်ခု ထွက်ပေါ်လာ၏။ ခဏချင်း လှောင်ချိုင့်က လောင်ကျွမ်းပြာကျသွားလေသည် ။ ရှောင်ယန်က တိုးတိုးလေးအော်လိုက်ပြီး အစိမ်း ရောင်လူ၏ ခေါင်းကို ပြင်းပြင်းထန်ထန် ကန်လိုက်၏။ ရှောင်ယန်၏ ပြင်းထန်လှသည့် တိုက်ခိုက်မှုကို အာရုံခံမိလိုက်သည့်အခါ အစိမ်းရောင်လူက လက်ဝှေ့ယမ်းလိုက်၏။ ရုတ်တရက် သစ်သားတိုင်ကြီး တစ်ခုပေါ် လာပြီး ရှောင်ယန်၏ တိုက်ခိုက်မှုကို အောင်မြင်စွာ ခုခံလိုက်၏။

ရှောင်ယန်၏ တိုက်ခိုက်မှုကို ကာကွယ်ပြီးသည့်အခါ အစိမ်းရောင်လူ၏ ခန္ဓာကိုယ်က လေထဲ တွင် ထူးဆန်းစွာလှည့်ပတ်သွားပြီး ခန်းမ အပြင်ဘက်သို့ ထွက်သွား၏။

"အဘိုးကြီးဟိုက်... သူ့ကိုတားထား..."

"ဟေး... အဲဒီမှာ လည်း တစ်ယောက်ရှိနေတာပဲ..."

အစိမ်းရောင်လူက တံခါးမှ ထွက်သွားဖို့ ပြင်လိုက်သည့်အချိန်တွင် တံခါးမကြီးတွင် လေအေး တစ်ချက်တိုက်ခတ်သွား၏။ ချက်ချင်း တံခါးမကြီးကို လုံးဝပိတ်ဆို့ထားသည့် ရေခဲအကာအကွယ် တစ်ခု ဖြစ်ပေါ် လာ၏။

အစိမ်းဝတ်လူ၏ ခြေဖျားက ရေခဲအကာအကွယ်ကို ကန်မိသွားပြီး မတတ်သာစွာ နောက်ပြန် ရောက်သွား၏။ သူမ၏ ခန္ဓာကိုယ်က တိုင်လုံး တစ်ခုပေါ်ကို ခုန်တက်လိုက်ပြီး အမိုးပေါ်ရှိ ဟိုက်ပိုဒန်ကို လှမ်းကြည့်ကာ တိုးတိုးလေးရယ်လိုက်၏။

"ဟိဟိ… ဒိုဟွမ်နှစ်ယောက်… ဒီဂျာမားနိုင်ငံတော်ထဲမှာ ဒီလောက်အစွမ်းထက်တဲ့ သူတွေ ရှိနေ မယ်လို့ ထင်မထားဘူး။ ဒါပေမဲ့ ငါကဒီကလေးမကို စိတ်ဝင်စားတဲ့ အတွက် လက်လွှတ်မခံနိုင်ဘူး…"

ခန်းမကြီးထဲတွင် ရှောင်ယန်က အခြားတိုင်လုံးတစ်ခုပေါ်သို့ အလွန်လျင်မြန်စွာ ခုန်တက်သွား ၏။ သူက မျက်နှာဖုံးကွယ်ထားသည့် အစိမ်းဝတ်မိန်းမပျိုကို ကြည့်လိုက်ပြီး သူ့လက်ဖဝါးပေါ်တွင် အဖြူရောင်မီးတောက်များ လွှမ်းခြုံလာ၏။

ကျယ်ဝန်းလှသည့် ခန်းမထဲတွင် ဆန်းကြယ်လှသည့်စွမ်းအားသုံးခုပြင်းထန်စွာ ပေါ်ပေါက်လာ ပါသည် ။ ခန်းမထဲရှိ လူတွေအားလုံးက အမိုးထုပ်တန်းပေါ်တွင် ရှိနေသည့် လူသုံးယောက်ကိုမော့ကြည့် ပြီး အသက်ရှူဖို့ ပင်မေ့သွားကြ၏။

***